# တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့အကြား ချုပ်ဆိုသော မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်

ဤပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် (ဤမှနောက်တွင် "သဘောတူညီချက်"ဟု ရည်ညွှန်းသည်။) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့ အကြား လက်မှတ်ရေးထိုးကြပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ (ဤမှနောက်တွင် " တရုတ်စာချုပ်ဝင်" ဟု ရည်ညွှန်းပြီး၊ ယင်းစကားရပ်တွင် ယင်း၏ ဆက်ခံသူများလည်း ပါဝင်သည်ဟု မှတ်ယူရမည်။) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ (ဤမှနောက်တွင် " မြန်မာစာချုပ်ဝင်" ဟု ရည်ညွှန်းပြီး၊ ယင်းစကားရပ်တွင် ယင်း၏ ဆက်ခံသူများလည်း ပါဝင်သည်ဟု မှတ်ယူရမည်။) တို့ကို ဤမှနောက်တွင် စုပေါင်း၍ "စာချုပ်ဝင်များ" ဟု ရည်ညွှန်းသည်။

စဉ်းစားဆုံးဖြတ်ရာတွင်-

ပြည်ထောင်စုမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် တို့အကြား စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် မူဘောင်သဘောတူညီချက်ကို ၂၀၀၅ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ဘီဂျင်းမြို့၌ ချုပ်ဆိုခဲ့ကြ၍လည်းကောင်း၊

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ စွမ်းအင်ဝန်ကြီးဌာနတို့အကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ ပူးပေါင်းဆောင်ရွက်ရေးအပေါ် ဆွေးနွေးညှိနှိုင်းမှုမှတ်တမ်းကို ၂၀၀၈ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဘီဂျင်းမြို့၌ ချုပ်ဆိုခဲ့ကြ၍လည်းကောင်း၊

စာချုပ်ဝင်များက ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံ အကျိုးစီးပွားနှင့်အညီဖြစ်သည်ဟု ယုံကြည်ကြပါသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုကို ဖြည့်တင်းခြင်း သည် နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ရေးတွင် အထူးအရေးပါသည့်အပြင်၊ နှစ်နိုင်ငံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးကြီးသည့်အတွက်လည်းကောင်း၊

စာချုပ်ဝင်များက မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓါတ်ငွေ့ ပိုက်လိုင်းများတည်ဆောက်ရေး ကို ပံ့ပိုးကူညီကြပြီး၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းသောပူးပေါင်း ဆောင်ရွက်မှုကို ထပ်မံတိုးချဲ့ရန်အမြင်ဖြင့်၊ ပိုက်လိုင်းများလည်ပတ်မှုအကောင်အထည်ဖော်ရေးနှင့် လုံခြုံစိတ်ချစွာ လုပ်ကိုင်နိုင်ရေးကို ပူးတွဲဆောင်ရွက်သွားကြမည်ဖြစ်၍လည်းကောင်း၊

စာချုပ်ဝင်များသည် သာတူညီမျှခြင်း၊ နှစ်ဦးနှစ်ဖက်အကျိုးရှိခြင်းနှင့် ရေရှည်ပူးပေါင်းဆောင် ရွက်ခြင်း သဘောတရားများအရ ခင်မင်ရင်းနှီးစွာတိုင်ပင်ညှိနှိုင်းမှုများ ပြုခဲ့ကြပြီး၊ အောက်ပါအတိုင်း သဘောတူညီကြပါသည်။

## အပိုဒ် ၁။ သဘာဝဓာတ်ငွေ့ပိုက်လိုင်း

၁။ စာချုပ်ဝင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ ၁၀ ဘီလီယံကုဗမီတာကို နှစ် ၃၀ ကာလအတွက် မှန်မှန်ပေးပို့ရန် သဘောတူညီကြပါသည်။ ဤရည်မှန်းချက်အောင်မြင်ရန်အတွက် မြန်မာစာချုပ်ဝင်က ၂၀၀၈ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဒေဝူးကုမ္ပဏီအဖွဲ့နှင့် တရုတ်အမျိုးသားစုစည်းညီညွတ်သောရေနံကော်ပိုရေးရှင်း (တရုတ်ရေနံ) တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံ၊ "ရွှေ" စီမံချက်၊ သဘာဝဓာတ်ငွေ့ဖြန့်ဖြူး ရောင်းဝယ်ရေးသဘောတူညီချက်အရ အေ- ၁ နှင့် အေ- ၃ လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောင်းချရန် သဘောတူညီကြပါသည်။ မြန်မာနိုင်ငံက အရင်းအမြစ်ပိုင်ရှင်အဖြစ် မြန်မာနိုင်ငံရှိ အခြားလုပ်ကွက်များမှ ထွက်ရှိနိုင်သော သဘာဝဓာတ်ငွေ့များကို ရောင်းချရာတွင်လည်း တရုတ်စာချုပ်ဝင်သို့ ဦးစားပေးရန် စဉ်းစားပါမည်။

၂။ စာချုပ်ဝင်များသည် မြန်မာနိုင်ငံအနောက်ဘက်ကမ်းရိုးတန်း ရမ်းဗြဲကျွန်းမှစတင်၍ မြန်မာ-တရုတ်နယ်စပ် မြန်မာနယ်မြေဘက်ရှိ ဓာတ်ငွေ့ပေးအပ်သည့်နေရာတွင် အဆုံးသတ်သည့် မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတည်ဆောက်ရန်အတွက် စာချုပ်ဝင်တစ်ဦးဦးက သတ်မှတ်ပေးသော သက်ဆိုင်ရာကုမ္ပဏီကို ပံ့ပိုးကူညီရန် သဘောတူညီကြပါသည်။

၃။ မြန်မာစာချုပ်ဝင်နှင့် တရုတ်စာချုပ်ဝင်တို့က သတ်မှတ်ပေးသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ဤမှနောက်တွင် "အမ်မ်အိုဂျီအီး" ဟု ရည်ညွှန်းသည်။) နှင့် တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း (ဤမှနောက်တွင် "စီအင်န်ပီစီ" ဟု ရည်ညွှန်းသည်။) တို့ကို မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံချက်၏ သက်ဆိုင်ရာအကောင်အထည်ဖော်ရေးအဖွဲ့အဖြစ် စာချုပ်ဝင်များက သဘောတူညီကြပါသည်။ စာချုပ်ဝင်များသည် ဒေဝူးကုမ္ပဏီအဖွဲ့မှာ မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း အစုရှယ်ယာရှင်များအနက် တစ်ဦးဖြစ်သည်ကို သဘောတူညီကြပါသည်။

၄။ စာချုပ်ဝင်များက စီအင်န်ပီစီသည် မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ အစုရှယ်ယာအများစုပိုင်ဆိုင်သူဖြစ်ပြီး အစုရှယ်ယာ ၅၀.၉% ပိုင်ဆိုင်သဖြင့် ပိုက်လိုင်း၏ ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတွင် တာဝန်ယူကြီးကြပ်ပြီး၊ ကျန်အစုရှယ်ယာ ၄၉.၁%ကို အမ်မ်အိုဂျီအီးနှင့် ဒေဝူးကုမ္ပဏီအဖွဲ့က ပိုင်ဆိုင်ရန်ဖြစ်ပြီး စီမံချက်တွင် အစုရှယ်ယာပုံစံဖြင့် ပါဝင်နိုင်ကြပါသည်။ စာချုပ်ဝင်များသည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွက် ဒီဇိုင်း၊ တည်ဆောက်မှု၊ လုပ်ကိုင်မှုနှင့် စီမံခန့်ခွဲမှုတွင် လိုအပ်သော အခြေအနေကောင်းများပေါ်ပေါက်စေရန် သင့်လျော်သော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ကြရမည်။

၅။ စာချုပ်ဝင်များသည် မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ မျှော်မှန်းချက်စွမ်းရည်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့ တစ်နှစ်လျှင် ၁၀ ဘီလီယံ ကုဗမီတာ ပို့လွှတ်နိုင်သည့်လိုအပ်ချက်နှင့်ပြည့်စုံရမည်ဖြစ်ကြောင်း နှင့် နှစ် ၃၀ ကာလအတွက် သဘာဝဓာတ်ငွေ့ကို မှန်မှန်ပေးပို့ရန်ဖြစ်ကြောင်း သဘောတူညီကြပါသည်။ စာချုပ်ဝင်များသည် မြန်မာနိုင်ငံ၏ ပေးပို့နိုင်သော သဘာဝဓာတ်ငွေ့ပမာဏကို ထည့်သွင်းစဉ်းစားလျှက်၊ မြန်မာနိုင်ငံဘက်မှ ဓာတ်ငွေ့ပို့လွှတ်

သည့်နေရာရှိ ပိုက်လိုင်း၏ ဓာတ်ငွေ့ပို့လွှတ်နိုင်မှုစွမ်းရည်မှာ တစ်နှစ်လျှင် ၁၂ ဘီလီယံ ကုဗမီတာ ရှိသင့်ကြောင်း အသိအမှတ်ပြုသည်။ အကယ်၍ အနာဂါတ်တွင် တရုတ်စီးပွားရေးလုပ်ငန်းက မြန်မာနိုင်ငံတွင် ရှာဖွေရမည့် သို့မဟုတ် ဝယ်ယူရမည့် သဘာဝဓာတ်ငွေ့ကို ပို့လွှတ်နိုင်ရန် လိုအပ်ချက်နှင့် မပြည့်စုံခဲ့လျှင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ဓာတ်ငွေ့ပို့လွှတ်သည့် စွမ်းရည်မြင့်မားလာစေရန် နည်းပညာအရ အဆင့်မြှင့်တင်နိုင်ပါသည်။

၆။ စာချုပ်ဝင်များသည် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်စေမှုနှင့် နှစ်ဦးနှစ်ဖက်အောင်မြင်မှုအဖြေ ရရှိမှု သဘောတရားနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းသဘာဝဓာတ်ငွေ့ လိုအပ်မှုကို ထည့်သွင်းစဉ်းစားလျှက်၊ မြန်မာအမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမှု လွယ်ကူချောမွေ့စေရန်အတွက် တစ်နှစ်လျှင် ၂ ဘီလီယံကုဗမီတာထက်မပိုစေဘဲ သဘာဝဓာတ်ငွေ့များကို စာချုပ်ဝင်များက သတ်မှတ်သည့်နေရာများတွင် ပိုက်လိုင်းအသုံးပြုခပေးချေသည့် အခြေခံဖြင့် မြန်မာစာချုပ်ဝင်က ဓာတ်ငွေ့ထုတ်ယူရန် မြန်မာ-တရုတ် ဓာတ်ငွေ့ပိုက်လိုင်းကို အသုံးပြုရမည်။ ယင်း ထုတ်ယူသည့် ပမာဏသည် ဓာတ်ငွေ့ပို့လွှတ်မှုစွမ်းရည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပေးပို့သည့် ဓာတ်ငွေ့ပမာဏကို မထိခိုက်စေရ။

၇။ စာချုပ်ဝင်များသည် အေ-၁ နှင့် အေ- ၃ လုပ်ကွက်များမှ မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် ပို့လွှတ်သော သဘာဝဓာတ်ငွေ့ဈေးနှုန်းကို အမ်မ်အိုဂျီအီး၊ ဒေဝူးကုမ္ပဏီအဖွဲ့နှင့် တရုတ်ရေနံတို့ ၂၀၀၈ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရောင်းဝယ်ရေး သဘောတူညီချက်၊ ရွှေစီမံချက်၊ မြန်မာနိုင်ငံနှင့်အညီ သတ်မှတ်သင့်ကြောင်း သဘောတူညီကြသည်။

၈။ စာချုပ်ဝင်များသည် မြန်မာနိုင်ငံကို ဖြတ်သန်းသွားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်း အသုံးပြုခအား ပိုက်လိုင်းဖက်စပ်ကုမ္ပဏီက အိမ်ရှင်နိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ ရေနံလုပ်ငန်းကျင့်ထုံးများနှင့်အညီ ပေးချေစေရန်နှင့် ပေးချေရန်ငွေပမာဏကို စာချုပ်ဝင်များ အကြား ညှိနှိုင်းဆောင်ရွက်ကြရန် သဘောတူညီကြပါသည်။

၉။ စာချုပ်ဝင်များသည် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရောင်းချမှုအရှိန်မြှင့်တင်ရန် သက်ဆိုင်သူများအား သက်ဆိုင်ရာ စီမံချက်ဆိုင်ရာ သဘောတူညီချက်များကို အမြန်ဆုံး လက်မှတ်ရေးထိုးစေရန်အလို့ငှာ ညွှန်ကြားရန် သဘောတူညီကြပါသည်။

**အပိုဒ် ၂။ ရေနံစိမ်းပိုက်လိုင်း**

၁။ စာချုပ်ဝင်များသည် မြန်မာ-တရုတ် ရေနံပိုက်လိုင်းတည်ဆောက်ရန် စာချုပ်ဝင်တစ်ဦးဦးက သတ်မှတ်သည့် သက်ဆိုင်ရာကုမ္ပဏီကို ကူညီဆောင်ရွက်ရန် သဘောတူညီကြပါသည်။ ယင်း ပူးပေါင်းဆောင်ရွက်မှုတွင် အောက်ပါတို့ပါဝင်ပါသည်-

(၁) မြန်မာနိုင်ငံအနောက်ဘက် ကမ်းခြေရှိ မဒဲကျွန်းမှ စတင်ပြီး၊ မြန်မာ-တရုတ်နယ်စပ် တရုတ်နယ်မြေဘက်ရှိ ရွှေလီတွင် အဆုံးသတ်သော မြန်မာ-တရုတ် ရေနံပိုက်လိုင်းနှင့် ယင်း၏ ဆက်စပ်သောအဆောက်အအုံများ တည်ဆောက်ခြင်း၊

(၂) အလွန်ကြီးမားသော ရေနံစိမ်းတင် သင်္ဘောကြီးများမှ ရေနံစိမ်းများ တင်ချနိုင်သော မဒဲကျွန်းဆိပ်ကမ်းအနီးတွင် ဆိပ်ခံတံတား၊ ရေနံစိမ်းလက်ခံစခန်း၊ ရေနံစိမ်းသိုလှောင်ကန်၊ သယ်ယူပို့ဆောင်ရေးအထောက်အကူပြုမှုများနှင့် အပိုပစ္စည်းကိရိယာများ ပါဝင်သော အဆောက်အအုံတစ်ခု တည်ဆောက်ခြင်း။

၂။ စာချုပ်ဝင်များသည် မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်း၏ ရေနံစိမ်းအရင်းအမြစ်မှာ အရှေ့အလယ်ပိုင်း သို့မဟုတ် ကမ္ဘာ့အခြားနေရာများမှ ရောက်ရှိမည်ဖြစ်ကြောင်း သဘောတူညီကြပါသည်။

၃။ စာချုပ်ဝင်များသည် မြန်မာစာချုပ်ဝင်နှင့် တရုတ်စာချုပ်ဝင်တို့က အမ်မ်အိုဂျီအီး နှင့် စီအင်န်ပီစီ တို့ကို မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်းစီမံချက်၏ သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့ အဖြစ် သတ်မှတ်ကြောင်း သဘောတူညီကြပါသည်။ စာချုပ်ဝင်များက စီအင်န်ပီစီသည် မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်း၏ အစုရှယ်ယာအများစုပိုင်ဆိုင်သူဖြစ်ပြီး၊ ပိုက်လိုင်း၏ ဒီဇိုင်း၊ တည်ဆောက်မှု၊ လုပ်ကိုင်မှုနှင့် စီမံခန့်ခွဲမှုတွင် တာဝန်ယူကြီးကြပ်စေရန်နှင့် အခြားစာချုပ်ဝင်များက စီမံချက်တွင် အစုရှယ်ယာပိုင်ဆိုင်မှုပုံစံဖြင့် ပါဝင်ဆောင်ရွက်နိုင်ကြောင်း သဘောတူညီကြပါသည်။ စာချုပ်ဝင်များ၏ သဘောတူညီမှုကို အထောက်အထားပြု၍ ပိုက်လိုင်းနှင့်/သို့မဟုတ် အခြားတတိယသူမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေနံစိမ်းတင်သွင်းသူသည် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်လိုလျှင် စီအင်န်ပီစီသည် အစုရှယ်ယာအများစုပိုင်ဆိုင်သူဖြစ်သည့် အနေအထားကို မပြောင်းလဲစေသည့်အချက်ကို ထည့်သွင်းသုံးသပ်လျက် စီမံချက်တွင် ပါဝင်စေရန် ဖိတ်ခေါ်နိုင်သည်။

၄။ စာချုပ်ဝင်များသည် မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်း၏ မျှော်မှန်းချက်စွမ်းရည်မှာ တစ်နှစ်လျှင် တန်ချိန် ၂၂ သန်း ဖြစ်ကြောင်း သဘောတူညီကြပါသည်။ မြန်မာ-တရုတ်နယ်စပ်၏ တရုတ်နယ်မြေဘက်မှ ခရီးဆုံးစခန်းသို့ ပိုက်လိုင်းမှပို့လွှတ်သော ရေနံစိမ်းသည် စတင်လုပ်ကိုင်သည့်ကာလပိုင်းတွင် တစ်နှစ်လျှင် တန် ၁၀ သန်း ဖြစ်သင့်ပြီး၊ နှစ် ၃၀ ကာလတစ်လျှောက် သာမန်လုပ်ငန်းလုပ်ကိုင်သည့်ကာလတွင် တစ်နှစ်လျှင် တန် သန်း ၂၀ ထက် မနည်းစေရပါ။ အကယ်၍ ရေနံစိမ်းပိုက်လိုင်း၏ မျှော်မှန်းချက်စွမ်းရည်သည် အနာဂတ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် ရေနံစိမ်းလိုအပ်ချက် မြင့်မားလာမှုနှင့် ကိုက်ညီစေရန် ပျက်ကွက်ခဲ့လျှင် ရေနံစိမ်းပိုက်လိုင်းကို ရေနံစိမ်းပို့လွှတ်နိုင်မှုစွမ်းရည် တိုးမြှင့်လာစေရန် နည်းပညာအရ အဆင့်မြှင့်တင်နိုင်သည်။

၅။ စာချုပ်ဝင်များသည် နှစ်ဦးနှစ်ဖက်အကျိုးရှိမှု နှင့် နှစ်ဦးနှစ်ဖက်အောင်မြင်မှုအဖြေရရှိမှု သဘောတရားနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေနံစိမ်းလိုအပ်မှုကို ထည့်သွင်းသုံးသပ်လျက် မြန်မာစာချုပ်ဝင်သည် ပြည်တွင်းတွင် အသုံးပြုရန် လိုအပ်ပါက၊ ပြည်တွင်းတွင်ထုတ်လုပ်သည့်ရေနံစိမ်းနှင့်/သို့မဟုတ် မိမိကိုယ်တိုင် ဝယ်ယူသည့်ရေနံစိမ်း နှင့်/သို့မဟုတ် တရုတ်ရေနံကုမ္ပဏီများထံမှ ဝယ်ယူသော ရေနံစိမ်းကို ပို့ဆောင်ရန် မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်းကို အခကြေးငွေပေးဆောင်သည့်အခြေခံဖြင့် ပို့လွှတ်သည့်ပမာဏ တစ်နှစ်လျှင် တန် ၂ သန်း ပို့လွှတ်ရန် အသုံးပြုနိုင်သည်။ ယင်းထက်ပိုမိုတင်ပို့လိုလျှင်မူ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံပြည်တွင်းလိုအပ်ချက်ကိုပြည့်ဝစေရန် ပိုက်လိုင်း၏ အမှန်ပေးပို့နိုင်သည့် စွမ်းရည်နှင့်အညီ စာချုပ်ဝင်များ နှစ်ဦးနှစ်ဖက်သဘောတူညီသည့်အတိုင်း ဖြစ်စေရမည်။ သို့ရာတွင် ထိုပို့ဆောင်မှုသည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့လွှတ်သည့် မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်း၏ ပို့လွှတ်မှုစွမ်းရည်နှင့် ပမာဏကို မထိခိုက်စေရ။

၆။ စာချုပ်ဝင်များက ရေနံပို့ဆောင်ရန်အတွက် မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်းကို အသုံးပြုသည့် စာချုပ်ဝင်အသီးသီးသည် သက်ဆိုင်ရာသဘောတူညီချက်များနှင့်အညီ ပိုက်လိုင်းပို့ဆောင်မှုအခွန်ကိုပေးဆောင်သင့်ကြောင်း သဘောတူညီကြပါသည်။

၇။ စာချုပ်ဝင်များက ပိုက်လိုင်းဖက်စပ်ကုမ္ပဏီသည် ပိုက်လိုင်းလမ်းကြောင်းအသုံးပြုခ နှင့် နိုင်ငံဖြတ်သန်းသယ်ဆောင်ခကို အပြည်ပြည်ဆိုင်ရာ ရေနံလုပ်ငန်းကျင့်စဉ်များနှင့်အညီ အိမ်ရှင်နိုင်ငံသို့ ပေးဆောင်စေရန်နှင့် ပေးဆောင်ရမည့် ပမာဏကို စာချုပ်ဝင်များအကြား ညှိနှိုင်းသတ်မှတ်ရန် သဘောတူညီကြပါသည်။

၈။ စာချုပ်ဝင်များသည် ရေနံစိမ်းပိုက်လိုင်းစီမံချက် အကောင်အထည်ဖော်မှုကို မြှင့်တင်ရန် သက်ဆိုင်ရာစီမံချက်ဆိုင်ရာသဘောတူညီချက်များကို ဖြစ်နိုင်သမျှ အမြန်ဆုံး လက်မှတ်ရေးထိုးကြရန် သက်ဆိုင်သူများအား ညွှန်ကြားရန် သဘောတူညီကြပါသည်။

**အပိုဒ် ၃။ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ခြင်းကဏ္ဍပူးပေါင်းဆောင်ရွက်မှုကိုမြှင့်ရေး။**

စာချုပ်ဝင်များသည် မြန်မာနိုင်ငံရှိ ကမ်းလွန်နှင့် ကုန်းတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမိုတိုးချဲ့ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီကြပါသည်။ ထို့ပြင် လက်ရှိရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွင်ပူးပေါင်းဆောင်ရွက်မှုကို အခြေခံ၍ ရှာဖွေ တူးဖော်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ရှားမှုများတွင် ပေါ်ပေါက်သော ပြဿနာများကို ညှိနှိုင်းဖြေရှင်းကြရန် သဘောတူကြပါသည်။

**အပိုဒ် ၄။ အခွင့်ရအာဏာပိုင်များ**

၁။ ဤသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည့် အခွင့်ရအာဏာပိုင်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ စွမ်းအင်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေး တို့ဖြစ်သည်။ အခွင့်ရအာဏာပိုင်များ ပြောင်းလဲမှုရှိသည့်အခါ၊ စာချုပ်ဝင်များသည် သံတမန်လမ်းကြောင်းမှတစ်ဆင့် အချင်းချင်း ချက်ချင်း အသိပေးအကြောင်းကြားကြရမည်။

၂။ စာချုပ်ဝင်တစ်ဦး၏ ဤသဘောတူညီချက်ကို အကောင်အထည်ဖော်မှုအား ထိခိုက်သည့် အခြေအနေပေါ်ပေါက်လျှင်၊ အခွင့်ရအာဏာပိုင်များ အချင်းချင်းတိုင်ပင်ညှိနှိုင်းပြီး ဤသဘောတူညီချက် အကောင်အထည်ဖော်နိုင်ရေးအလို့ငှာ ပြဿနာကိုဖြေရှင်းရန် စာချုပ်ဝင်များက လက်ခံနိုင်သည့် နည်းလမ်းများချမှတ်ဆောင်ရွက်ရမည်။

## အပိုဒ် ၅။ အစိုးရ၏ပံ့ပိုးကူညီမှုများ

၁။ စာချုပ်ဝင်များသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တစ်ပြိုင်နက်တည်း တည်ဆောက်ခြင်းကို ပံ့ပိုးကူညီရန်ကြိုးပမ်းရမည်။ ထို့ပြင် မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ တည်ဆောက်လုပ်ကိုင်ရန်အတွက် လိုအပ်သောတာဝန်များကို သတ်မှတ်ထားသည့် အကောင်အထည်ဖော်သည့်အဖွဲ့အစည်းက ဆောင်ရွက်ရန် အာမခံရမည်။ မြန်မာအစိုးရသည် မြန်မာနိုင်ငံအတွင်းရှိ ရေနံစိမ်းလက်ခံစခန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုလှောင်ကန် နှင့် အခြား ဆက်စပ်ပစ္စည်းကိရိယာများအပါအဝင် မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ လုံခြုံမှုရှိစေရန် သင့်လျော်သော ကြိုးပမ်းဆောင်ရွက်မှု အသီးသီးပြုလုပ်ရမည်။ ထို့ပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ ချောမွေ့စွာ တည်ဆောက်လုပ်ကိုင်ရေးတွင် အာမခံနိုင်ရန်အလို့ငှာ ဘဏ္ဍာရေး၊ အမျိုးသားကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ဥပဒေရေးရာ၊ အလုပ်သမားရေးရာ၊ မီးရထား၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ မြေယာစီမံခန့်ခွဲရေး၊ တယ်လီကွန်းဆက်သွယ်ရေး၊ အကောက်ခွန်စသည့် ဗဟိုအစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဒေသဆိုင်ရာအာဏာပိုင်များနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသည်။

၂။ မြန်မာစာချုပ်ဝင်သည် မြန်မာနိုင်ငံဥပဒေတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာအာဏာပိုင်များနှင့်ညှိနှိုင်း၍ မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများအတွက် လိုအပ်သော ခွင့်ပြုမိန့်နှင့်အတည်ပြုချက်ကို ထုတ်ပေးရန် သဘောတူညီသည်။

(၁) မြေယာအသုံးချခွင့်၊ ပိုက်လိုင်းတည်ဆောက်လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုမိန့်နှင့် အတည်ပြုချက်၊ အလုပ်သမားရေးရာ၊ ပြည်ဝင်ခွင့်၊ ပိုက်လိုင်းလမ်းကြောင်းအသုံးပြုခွင့်၊ စက်ကိရိယာနှင့် ပစ္စည်းများအတွက် သွင်းကုန်ထုတ်ကုန်ကိစ္စ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တယ်လီကွန်းဆက်သွယ်ရေးဝန်ဆောင်မှုစသည်တို့အတွက် ခွင့်ပြုမိန့်နှင့် အတည်ပြုချက်။

(၂) ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုအတွက် လိုအပ်သော စက်ကိရိယာနှင့်ပစ္စည်းများအတွက် အကောက်ခွန်ကို မြန်မာနိုင်ငံဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပေးရမည်။ ပိုက်လိုင်းတည်ဆောက်နေစဉ်အတွင်း မြန်မာနိုင်ငံအစိုးရကပေးအပ်သည့် လက်ရှိ ဦးစားပေးအခွန်ဆောင်ရွက်မှု သို့မဟုတ် အနာဂတ်ဦးစားပေး အခွန်ဆောင်ရွက်မှုတို့ကို မြန်မာနိုင်ငံဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(၃) နှစ်နိုင်ငံအကြား နှစ်ကာလကြာရှည် ခင်မင်ရင်းနှီး၍ အပြန်အလှန်ပံ့ပိုးကူညီသည့်ဆက်ဆံရေးရှိသဖြင့်၊ စာချုပ်ဝင်များက သတ်မှတ်ပေးသော အကောင်အထည်ဖော်သည့်အဖွဲ့အစည်းသည် မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်းကို လုပ်ကိုင်သွားရန် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းမည်။

(၄) စာချုပ်ဝင်များသည် စီမံချက်ဖွံ့ဖြိုးတိုးတက်ရေးအရှိန်မြှင့်တင်ခြင်းကို လုံခြုံတည်ငြိမ်စွာဆောင်ရွက်နိုင်ရေးသဘောတရားအရ၊ မြန်မာ-တရုတ် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများနှင့် တရုတ်နိုင်ငံတွင် သွယ်တန်းထားမည့် ပိုက်လိုင်းများအကြား ဖိုင်ဘာကေဘယ်လ်လိုင်းနှင့် ဂြိုလ်တုဆက်သွယ်ရေးစနစ်စသည်အသုံးပြုခြင်း၊ ဖြန့်ဖြူးမှု ကွပ်ကဲရေးစခန်းထားရှိခြင်း၊ အကောက်ခွန်၊ ကုန်စည်စစ်ဆေးမှုနှင့် ပိုက်လိုင်းလုပ်ကိုင်ခြင်းနှင့် စီမံခန့်ခွဲခြင်း စသည်တို့ကို လေ့လာတိုင်ပင်နှီးနှောပြီး နိုင်ငံဖြတ်ကျော် တယ်လီကွန်းဆက်သွယ်ရေး လမ်းကြောင်းဖြင့် ဆက်သွယ်ဆောင်ရွက်ရန် သဘောတူညီကြသည်။

**အပိုဒ် ၆။ ဘဏ္ဍာရေး**

စာချုပ်ဝင်များက မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံချက်ကုမ္ပဏီများသည် သက်ဆိုင်ရာသင့်လျော်သော ဘဏ္ဍာငွေရှာဖွေသည့်နည်းလမ်းများကို ယင်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ ရွေးချယ်သွားရန် သဘောတူညီကြသည်။

**အပိုဒ် ၇။ အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်း**

ဤသဘောတူညီချက်ကို အဓိပ္ပာယ်ကောက်ယူခြင်းနှင့် ကျင့်သုံးခြင်းမှ ပေါ်ပေါက်သည့် အငြင်းပွားမှုတစ်ခုခုကို စာချုပ်ဝင်များအကြား ညှိနှိုင်းတိုင်ပင်ခြင်းဖြင့် ဖြေရှင်းသွားမည်။

**အပိုဒ် ၈။ ပြင်ဆင်ခြင်းနှင့်ထပ်မံဖြည့်စွက်ခြင်း**

ဤသဘောတူညီချက်ကို နောက်ဆက်တွဲစာချုပ်များအားဖြင့် ပြင်ဆင်ခြင်းနှင့် ထပ်မံဖြည့်စွက်ခြင်းပြုနိုင်သည်။ ပြင်ဆင်ချက်နှင့် ထပ်မံဖြည့်စွက်ချက်တို့သည် ဤစာချုပ်၏ တစ်ပေါင်းတစ်စည်းတည်းသော အစိတ်အပိုင်းများဖြစ်ရမည်။

**အပိုဒ် ၉။ တရားဝင်မှုနှင့်သက်တမ်းကုန်ဆုံးခြင်း**

ဤသဘောတူညီချက်သည် လက်မှတ်ရေးထိုးသည့်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်ဖြစ်ပြီး၊ စာချုပ်ဝင်များက စာဖြင့်ရေးသားထားသော စာတမ်းအမှတ်အသားများအရ သက်တမ်းကုန်ဆုံးစေရန် သဘောတူညီပြီးသည့်အခါ တရားဝင်မှုမှ ရပ်စဲသည်။

ဤသဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၀၉ခုနှစ်၊ မတ်လ ၂၆ ရက်နေ့၌ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ နှင့် တရုတ်ဘာသာတို့အားဖြင့် မူရင်းခွဲများချုပ်ဆိုကြကာ၊ ထိုစာမူအားလုံးသည် အညီအမျှ မှန်ကန်ကြပါသည်။

အင်္ဂလိပ်ဘာသာစာမူ၊ မြန်မာဘာသာစာမူ နှင့် တရုတ်ဘာသာစာမူတို့အကြား ကွဲလွဲမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက အင်္ဂလိပ်ဘာသာစာမူက လွှမ်းမိုးရမည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား**

| | |
|---|---|
| မစ္စတာကျန်းကို့ပေါင် | ဗိုလ်မှူးချုပ်လွန်းသီ |
| အုပ်ချုပ်ရေးမှူး | ဝန်ကြီး |
| အမျိုးသားစွမ်းအင်အုပ်ချုပ်ရေး | စွမ်းအင်ဝန်ကြီးဌာန |
| တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ပြည်ထောင်စုမြန်မာနိုင်ငံတော် |